# "ကချင်ပြည်နယ်အတွင်းရှိ ဆေးဖက်ဝင်မန်းဆေး (၂) ပင်"

ဆွေဇင်ငြိမ်း (လ/ထ တိုင်းရင်းဆေးမှူး)၊ လဖွမ်ခေါန်းနန် (လ/ထ တိုင်းရင်းဆေးမှူး)၊
အေးငြိမ်းမွန် (လ/ထ တိုင်းရင်းဆေးမှူး) ၊ လဲ့လဲ့ဖြူ (ဒု-လ/ထ တိုင်းရင်းဆေးမှူး)

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းရာထောင်ချီကြာမြင့်စွာ မြန်မာ့ ရေမြေသဘာဝ၊ ဓလေ့ထုံးတမ်း အစဉ်အလာများ၊ အတွေးအခေါ်အယူအဆများနှင့် ရှင်သန်လာသော ဆေးပညာရပ် ဖြစ်ပါသည်။ ကချင်ပြည်နယ်သဘာဝအရင်းအမြစ်နှင့် ပြည့်စုံသော နယ်ကြီးတစ်ခုဖြစ်ပါသည်။ "နွယ်မြက် သစ်ပင် ဆေးဖက်ဝင်" ဆိုသကဲ့သို့ မိမိတို့ဒေသပတ်ဝန်းကျင်ရှိ သစ်ပင် ပန်းမာလာများမှ ဆေးဖက်ဝင်ပရဆေးပင်များဖြစ်ပါသည်။ ကချင်ပြည်နယ်အတွင်း ဒေသခံရိုးရာဆေးနည်းများမှ ဆေးစွမ်းထက်သော "ကျွဲ၊ ကောနွယ်၊ ကြောင်လျှာနွယ်" ဆေးပင်တို့၏ အစွမ်းထက်မြက်မှုကိုရှာဖွေတင်ပြထားပါသည်။ ၎င်း၏အမည်၊ ရုက္ခဗေဒအမည်၊ မျိုးရင်း၊ ဆေးပင်၏အသုံးပြုပုံ၊ အရိုးကျိုးအရိုးဆက်၊ အရိုးအက်ခြင်းနှင့် အရိုးရောင်ခြင်းများတွင် အသုံးပြုပုံတို့ကို လေ့လာဆန်းစစ်တင်ပြထားပါသည်။